**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝးဝ၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၉.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝးဝ၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝးဝ၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝးဝ၃။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင် ။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်

အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၂-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်မ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ထောင်စုရွှေ့နေချုပ်ရုံးအစည်းအဝေး။ ဦးအေးပိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ။ ဦးညီညီထွေး(ခ) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များကော်မရှင်နှင့်အတူ အစည်းအဝေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိစ္စ။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၇)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းမြို့မရွာ၌ မီးသတ်စခန်း အဆောက်အအုံနှင့် မီးသတ်ကားကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းမြို့မရွာ၌ မီးသတ်စခန်း အဆောက်အအုံနှင့် မီးသတ်ကားကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မကွေးတိုင်း၊ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊

ဖောင်းလင်းမြို့မရွာ၌ မီးသတ်စခန်းအဆောက်အအုံနှင့် မီးသတ်ကားကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းအရင်း စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စုဟာ စလင်းမြို့နဲ့ မိုင်(၈)မိုင်ခန့် ဝေးကွာပြီးတော့ အဆိုပါကျေးရွာအုပ်စုမှာဝန်းရံလျက်ရှိတဲ့ ကျေးရွာ (၈)အုပ်စု၊ ကျေးရွာပေါင်း(၄၅)ရွာ၊ အိမ်ထောင်စုပေါင်း(၄၈၀၆)၊ လူဦးရေက(၂၁၉၈၄)ဦး ရှိပါတယ်။ ဒေသထွက်သီးနှံအနေနဲ့ဆိုလို့ရှိရင် ပဲမျိုးစုံ၊ ကြက်သွန်၊ ငရုတ် စိုက်ပျိုးကြတဲ့အပြင် ဧရာဝတီမြစ်နဲ့ မြစ်ကျိုးအင်းများကနေ ငါးလုပ်ငန်းကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ဧရာဝတီမြစ်နဲ့ နီးကပ်သော်လည်း မိုးအခါ ရေလွှမ်း၍နွေအခါ ရေရှားပါး ပါတယ်။ မြို့နဲ့အလှမ်းဝေးကွာတဲ့အတွက်ကြောင့် မီးဘေးဖြစ်ပွားလို့ရှိရင် စလင်း၊ ဆင်ဖြူကျွန်း မီးသတ်စခန်းများက မီးသတ်ကားများကို အားကိုးအားထားပြုရပါတယ်။ မီးလောင်ဆုံးရှုံးလို့ရှိရင် လက်နှီးစုတ်တောင်မကျန်တဲ့ ဆုံးရှုံးမှုမျိုးဖြစ်သလို လူခိုးတာမှနေစရာအိမ်ကျန်ခဲ့ပါတယ်။ ဖောင်းလင်းကျေးရွာသူ၊ ကျေးရွာသားများအနေနဲ့လည်း ၎င်းတို့ရွာမှာ မီးသတ်စခန်း တည်ဆောက်ရန် မြေနေရာဝယ်ပြီးဖြစ်သလို မြေယာဥပဒေအရ (၁၀၅)(၁၀၆) မြေပုံထုတ်နုတ်ရေး၊ မြေဂရန် ကျရေးတို့အတွက် မကွေးတိုင်းဒေသကြီးအစိုးရသို့ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းမြို့မရွာသို့ မီးသတ်စခန်းနှင့် မီးသတ်ကားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ချထားပေးလိုကြောင်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းဖြေကြားသွားပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှာ တိုင်းဒေသကြီး၊ ပြည်နယ် မီးသတ်ဦးစီးမှူးရုံး(၁၅)ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူး ရုံး(၇၃)ရုံး၊ ခရိုင်မီးသတ်စခန်း(၇၃)ခု၊ မြို့နယ်မီးသတ်စခန်းဦးစီးမှူးရုံး(၃၃၀)ရုံး၊ မြို့နယ်မီးသတ်စခန်း (၃၃၀)၊ နယ်မြေမီးသတ်စခန်း(၄၂၈)ခုတို့ကို ဖွဲ့စည်းပုံခွင့်ပြုထားရှိခဲ့ပြီး ဖြစ်ပါတယ်။

သို့သော်လည်းပဲ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ၎င်းတို့ရဲ့ မြို့နယ်များမှာ မီးသတ်စခန်းများ မဖြစ်မနေထပ်မံဖွင့်လှစ်ရန် လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြလာခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆) နဲ့ နယ်မြေမီးသတ်စခန်း (၂၇၅)ခုကို ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် ယခုအခါမှာ နယ်မြေမီးသတ် စခန်း(၇၀၃)ခုအထိ တိုးချဲ့ဖွဲ့စည်းခွင့် ရရှိထားပြီဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ယခင်ကနယ်မြေမီးသတ်စခန်း (၂၆)ခုပဲရှိခဲ့ရာမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ကမဖြစ်မနေ ထပ်မံဖွင့်လှစ်ရန် တင်ပြချက်အရ နယ်မြေမီးသတ်စခန်း (၄၃)ခုကို ထပ်မံခွင့်ပြုပေးခဲ့တဲ့အတွက် ယခုအခါ စုစုပေါင်း နယ်မြေမီးသတ်စခန်း (၆၉)ခုအထိ တိုးချဲ့ဖွဲ့စည်းခွင့်လည်း ရရှိထားပြီဖြစ်ပါတယ်။ မကွေးတိုင်း ဒေသကြီးအတွင်း မဖြစ်မနေ ထပ်မံဖွဲ့စည်းခွင့်ရရှိခဲ့တဲ့ နယ်မြေမီးသတ်စခန်း(၄၃)ခု အတွင်းမှာ စလင်းမြို့နယ်၊ တညောင်နဲ့ သရက်တောနယ်မြေ မီးသတ်စခန်း(၂)ခုလည်း ပါဝင်ခဲ့ပါတယ်။ သို့သော်လည်း ဖောင်းလင်းမြို့မကျေးရွာကတော့ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် တင်ပြချက်ထဲမှာပါရှိခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေမီးသတ်စခန်း(၆၉)ခုအနက်မှ နယ်မြေမီးသတ် စခန်း(၁၈)ခုမှာသာ မီးသတ်စခန်းအဆောက်အဦ ဆောက်လုပ်ပေးထားနိုင်ပြီးတော့ (၅၁)ခု မှာတော့ မီးသတ်စခန်းအဆောက်အဦများ ဆောက်လုပ်ပေးရန်လည်း ကျန်ရှိနေပါသေးတယ်။ အလားတူ နယ်မြေ မီးသတ်စခန်း (၆၉)ခုအတွက် ဖွဲ့စည်းပုံနဲ့အညီ မီးသတ်ယာဉ်များ ဖြည့်ဆည်းပေးမှုမှာလည်း စခန်း(၂၃)ခုအတွက်သာ မီးသတ်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ခြင်းရှိပြီးတော့ (၄၆)ခုအတွက်ကိုတော့ မီးသတ်ယာဉ်များ ဖွဲ့စည်းပုံနှင့်အညီဆက်လက်ဖြည့်တင်းရန် ကျန်ရှိနေပါသေးတယ်။ မကွေးတိုင်း ဒေသကြီး၊ မီးသတ်ဦးစီးဌာနအနေနဲ့ ဖွဲ့စည်းပုံအရ ခွင့်ပြုမိန့်ကျပြီးတဲ့ နယ်မြေမီးသတ်စခန်းတွေမှာ ဖွဲ့စည်းပုံနဲ့အညီ အဆောက်အဦဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း၊ ယာဉ်/စက် များဖြည့်တင်းခြင်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်တင်းနိုင်ရေးကိုလည်း အလေးထား ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ နယ်မြေမီးသတ်စခန်းဖွင့်လှစ်ရန် ဖွဲ့စည်းပုံအရ ခွင့်ပြုထားတဲ့ မီးသတ်စခန်းတွေ မှာ မီးသတ်စခန်းအဆောက်အဦနှင့် မီးသတ်ယာဉ်တွေကို ဦးစားပေးဖြည့်တင်းလျက်ရှိခြင်း၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းမြို့မရွာအတွက် နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံအရ ပါရှိခြင်းမရှိသေးတဲ့အတွက် လတ်တလောအခြေအနေမှာ ဖောင်းလင်းမြို့မရွာအတွက် မီးသတ် စခန်းအဆောက်အဦနှင့် မီးသတ်ယာဉ် ဖြည့်တင်းပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြကန်သာပန်းခြံမြေနေရာ ၂၅.၂၀ ဧကကို အမှတ် (၂၃၅) ခြေလျင်တပ်ရင်းမှ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြကန်သာ ပန်းခြံမြေနေရာ (၂၅.၂၀)ဧကကို အမှတ်(၂၃၅) ခြေလျင်တပ်ရင်းမှ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ပခုက္ကူမြို့၊ မြကန်သာ ပန်းခြံမြေနေရာ (၂၅.၂၀) ဧကကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၂၃၅)ခြေလျင်တပ်ရင်းမှ ပခုက္ကူမြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပခုက္ကူမြို့၊ ဇရာဝတီတံတား (ပခုက္ကူ)ရဲ့ ချဉ်းကပ်တံတားဘေးမှာတည်ရှိတဲ့ မြကန်သာပန်းခြံ မြေနေရာကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၃၅) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်မြေအဖြစ် ၁၉၉၃ ခုနှစ်မှာ သိမ်းဆည်းခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်မှ မြကန်သာဥယျာဉ် တည်ဆောက်ရေးကော်မတီကို ဖွဲ့စည်းပြီးတော့ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တည်ဆောက်ရေး လုပ်ငန်းများပြီးစီးတဲ့ ၁၉၉၅ ခုနှစ်မှာ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ထိန်းသိမ်းရန် လွှဲပြောင်းတာဝန် ပေးအပ်ခဲ့ပါတယ်။ ၁၉၉၆ခုနှစ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခရီးစဉ်မှာ လမ်းညွှန်မှုအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၂၃၅)ခြေလျင်တပ်ရင်းသို့ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ရပါတယ်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ မြကန်သာပန်းခြံကို အမှတ်(၂၃၅) ခြေလျင်တပ်ရင်းမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ပါတယ်။

နိုင်ငံတော်ထောက်ပံ့ငွေ (၃၂၈)သိန်းကျော်ဖြင့် ပန်းခြံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ တစ်နှစ်လျှင် မြေငှားရမ်းခ (၁၁)သိန်းကို အမှတ်(၂၃၅)ခြေလျင်တပ်ရင်းသို့ ယနေ့အထိ ပေးသွင်းရလျက်ရှိပါတယ်။ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြကန်သာပန်းခြံအား တာဝန်ယူထိန်းသိမ်းတဲ့နေရာမှာ ဝန်ထမ်း စရိတ်၊ လျှပ်စစ်စရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်အပါအဝင် တစ်နှစ်လျှင် သိန်း(၂၀၀)ကျော် ကုန်ကျ ပါတယ်။ ပြည်သူလူထုထံမှ ကောက်ခံရရှိတဲ့ ရန်ပုံငွေတွေကို အဆိုပါပန်းခြံအတွက် စိုက်ထုတ်အသုံးပြု နေရတာဖြစ်ပါတယ်။ အကယ်၍သာ မြကန်သာပန်းခြံမြေနေရာကို ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည် စွန့်လွှတ်ခဲ့လျှင် ဝင်ငွေများစွာရရှိနိုင်တဲ့ ပန်းခြံအင်္ဂါရပ်နဲ့ကိုက်ညီတဲ့လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ

ချထားပေးခြင်းအားဖြင့် ပန်းခြံကိုပိုမိုလှပနိုင်သကဲ့သို့ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေလည်း တစ်ဖက်တစ်လမ်းမှ တိုးတက်လာပြီးတော့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ပါသောကြောင့် မြကန်သာပန်းခြံမြေနေရာအား စည်ပင်သာယာရေးအဖွဲ့သို့ အပြီးအပိုင် လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြမင်းဆွေ ၏ မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့၊ မြကန်သာပန်းခြံမြေနေရာ (၂၅.၂၀) ဧကကို အမှတ် (၂၃၅)ခြေလျင်တပ်ရင်းမှ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးမေးသွားတဲ့ မေးခွန်းမှာပါတဲ့ အမှတ်(၂၃၅)ခြေလျင်တပ်ရင်းရဲ့ တပ်ပိုင်မြေ အဖြစ် အသုံးပြုရန်အတွက် ဒီပန်းခြံမြေနေရာကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် ရက်စွဲပါ စာအမှတ်၊ ၁၁/၅/အခ(၄)ဖြင့် မြေဧရိယာ (၇၄.၆၆)ဧကနှင့် ၁၂/၅/အခ(၄)ဖြင့် မြေဧရိယာ (၃၈.၀၉)ဧကတို့ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဧပြီလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁၂/၅/အခ(၄) ဖြင့် မြေဧရိယာ (၄၀.၁၈)ဧကကိုလည်းကောင်း၊ ၁၉၉၉ခုနှစ်၊ မေလ(၂၇) ရက်စွဲပါ စာအမှတ်၊ ၂၀၀/၁-၅/ဦး၁ ဖြင့် မြေဧရိယာ (၄၂၀.၃၈)ဧကကိုလည်းကောင်း၊ မကွေးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ ၁၉၉၅ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၄၄၁/မြေယာ-၁/တဝတ (မကွေး)ဖြင့် မြေဧရိယာ (၆.၅၅)ဧကကိုလည်းကောင်း၊ စုစုပေါင်း (၅၈၀.၈၆) ဧကအတွက် မြေပေး အမိန့်များရရှိခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ မြေများအနက် မြေဧရိယာ (၃၈.၉၃) ဧကကို အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် တပ်ပိုင်မြေအဖြစ် (၅၄၁.၉၃)ဧကသာ ကျန်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ မြေဧရိယာ (၂၅.၂၀)ဧကဟာ အမှတ်(၂၃၅) ခြေလျင်တပ်ရင်းရဲ့ တပ်ပိုင်မြေအတွင်းမှာရှိတဲ့ မြကန်သာပန်းခြံအဖြစ် ဆောင်ရွက်ထားရှိသော မြေနေရာ ဖြစ်ပြီး၊ အဆိုပါပန်းခြံကို အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်မှ မြကန်သာပန်းခြံ တည်ဆောက်ရေး ကော်မတီဖွဲ့စည်းပြီး နိုင်ငံတော်မှထောက်ပံ့ငွေကျပ် သိန်း(၃၀)ဖြင့် တပ်ပိုင်မြေအတွင်း စတင် တည်ဆောက်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ မြကန်သာပန်းခြံ တည်ဆောက်ရေး ကော်မတီမှ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တာဝန်လွှဲပြောင်း ပေးအပ်ခဲ့ပြီး၊ ၁၉၉၆ ခုနှစ်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြကန်သာပန်းခြံ အစဉ်စိမ်းလန်းစိုပြည်လှပစေရေးနှင့် ပခုက္ကူတပ်နယ်ပန်းခြံအဖြစ် ပြောင်းလဲဆောင်ရွက်ရန် ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ရန်အတွက် ၁၉၉၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၂၃၅) ခြေလျင်တပ်ရင်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်တွင် မြကန်သာ ပန်းခြံအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် သိန်း(၄၀၀)ခွင့်ပြု ပေးခဲ့ပြီး ပန်းခြံသာယာလှပစေရေး ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်အကြီးအကဲမှ ပန်းခြံသို့ ဝင်ရောက်စစ်ဆေးခဲ့ပြီး ပန်းခြံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်စေရန်နှင့် မြေပိုင်ဆိုင်မှုအား တပ်ပိုင်မြေအဖြစ် ဆက်လက်ထားရှိရန် ညွှန်ကြားခဲ့ကြောင်းနှင့် အမှတ် (၂၃၅) ခြေလျင်တပ်ရင်း အနေဖြင့် မြေငှားရမ်းခကို ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ရငွေစာရင်းသို့ နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မြကန်သာပန်းခြံမြေ (၂၅.၂၀)ဧကသည် အမှတ်(၂၃၅)ခြေလျင်တပ်ရင်းရဲ့ တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးအမိန့်များ ရရှိပြီးဖြစ်ခြင်း၊ ပခုက္ကူမြို့တွင် အခြားပန်းခြံများရှိပြီးဖြစ်၍ တပ်နယ်ပန်းခြံအဖြစ် ဆက်လက်ထားရှိရန် လိုအပ်ခြင်း၊ မြေငှားရမ်းခငွေများကို ကာကွယ်ရေးဝန်ကြီး ဌာနရဲ့ ရငွေစာရင်းသို့ နှစ်စဉ်ပေးသွင်းလျက်ရှိခြင်းနှင့် တပ်ရင်း၏ လုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းတို့ ကြောင့် လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အတည်ပြုပြဋ္ဌာန်းလိုက်သော နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာစောင့်ကြည့် နိုင်ရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေပြဋ္ဌာန်းချက် များကိုလည်း ယခင်ခေတ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က အတည်ပြု ပြဋ္ဌာန်းလိုက်သော နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာ စောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေ ပြဋ္ဌာန်းချက်များကိုလည်း ယခင်ခေတ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးတို့ကို အေးချမ်းလုံခြုံလွတ်လပ်တဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို အောင်မြင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်အခုမေးမယ့် မေးခွန်းကတော့ နည်းဥပဒေနဲ့ပတ်သက်တာဖြစ်ပေမယ့်လည်း နမူနာအဖြစ် ဥပဒေသိခြင်း၊ မသိခြင်းဆိုတဲ့ အကြောင်းအရာကနေ စပြီးတော့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေပါ တာဝန်တွေကို လိုက်နာကြမှသာလျှင် ဥပဒေရဲ့ အခွင့်အရေးတွေကို ခံစားခွင့်ရရှိနိုင်မှာ ဖြစ်ပြီး ဥပဒေပါ ပြစ်ဒဏ်များကိုလည်း ကျခံပေးဆပ်ရခြင်းကနေပြီးတော့ လွတ်ကင်းနိုင်ကြမှာ ဖြစ်ပါတယ်။ ဒီလိုသာ နိုင်ငံသားတွေအားလုံး လိုက်နာလေးစားနေကြမယ်ဆိုရင် နိုင်ငံတော်ကြီးဟာ အေးချမ်းလုံခြုံလွတ်လပ်မှုရှိတဲ့ တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတော်ကြီး ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင် ပြောင်းပြန်လေး ပြန်တွေးကြည့်ကြမယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ ဒီဥပဒေတွေကို နိုင်ငံသားတွေ မသိလိုက်လို့ လိုက်နာရမှန်းမသိကြရင် ဥပဒေတွေကို ချိုးဖောက်ကျူးလွန်မိတော့မှာ ဖြစ်ပါတယ်။ ဥပဒေတွေရဲ့ အခွင့်အရေးတွေကိုလည်း ကျွန်တော်တို့ ရအောင်မလုပ်နိုင်တော့ဘူးဆိုတဲ့ အခြေအနေ ဖြစ်လာနိုင်ပါတယ်။ ဒီအတိုင်းပဲ နိုင်ငံသားတွေဟာ နစ်နာဆုံးရှုံးကြရတော့မှာ ဖြစ်ပါတယ်။ အေးအေးချမ်းချမ်း လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ် မနေနိုင်ကြတော့တဲ့ အခြေအနေကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ အချည်းအနှီးအဟောသိကံဖြစ်ပြီး တရားမဲ့တဲ့ အခြေအနေမျိုးကို ဆိုက်ရောက်တော့မှာ ဖြစ်ပါတယ်။ တရားဥပဒေပြဋ္ဌာန်းချက်တွေကို သိခြင်းနဲ့ မသိခြင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးသက်ရောက်မှုတွေဟာ ပြောင်းပြန်ဖြစ်နေတတ်မယ်ဆိုတာကို တင်ပြလိုခြင်းဖြစ်ပါတယ်။


ဒါကြောင့်မို့လို့ တရားဥပဒေပြဋ္ဌာန်းချက်တွေကို နိုင်ငံသားတွေအားလုံး သိရှိအောင်၊ သိရှိနိုင်အောင်လုပ်ဖို့ဆိုတာ နိုင်ငံတော်အစိုးရရဲ့ မဖြစ်မနေ လုပ်ဆောင်ရမယ့် အလွန်အရေးကြီးတဲ့ တာဝန်ဖြစ်တယ်လို့ တင်ပြလိုပါတယ်။ အဲဒီလိုပါပဲ ဥပဒေများကို ဘယ်လိုအကောင်အထည် ဖော်ရမယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ နည်းလမ်းတွေကို ကျွန်တော်တို့ နည်းဥပဒေလို့ သတ်မှတ်ပြီးတော့ ဒီ နည်းဥပဒေတွေကို အတည်ပြုပြဋ္ဌာန်းပြီးပြီ ဆိုရင်လည်း နိုင်ငံသားတိုင်းဟာ လေးစားလိုက်နာဖို့အတွက် သိကိုသိနေဖို့ လိုပါတယ်။ အဲဒါကြောင့်မို့လို့လည်း အဲဒီပြဋ္ဌာန်းပြီးတဲ့ နည်းဥပဒေတွေကို သိအောင်၊ သိနိုင်အောင် နိုင်ငံတော်အစိုးရကနေ မဖြစ်မနေ လုပ်ဆောင်ပေးဖို့ အလွန်အရေးကြီးပါတယ်။ နည်းဥပဒေပြဋ္ဌာန်းချက်တွေကို မသိဘူးဆိုရင် ဘာဖြစ်မလဲ၊ ထောင်တော့ မကျနိုင်ပါဘူး။ သို့သော်လည်း သက်ဆိုင်နေတဲ့ လူတွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတွေကို ဥပဒေပါနည်းလမ်းများအတိုင်း မလုပ်ကိုင်နိုင်တော့တဲ့ အခြေအနေရောက်သွားမှာ ဖြစ်ပါတယ်။ အမှားမှားအယွင်းယွင်း အကြိမ်ကြိမ် ကြုံတွေ့နိုင်ပါတယ်။ ဒါကြောင့်မို့လို့လည်း ငွေကုန်ကြေးကျတွေ များပြီးတော့ ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်ပါတယ်။ ပိုင်ပိုင်နိုင်နိုင်

ကိုယ့်လုပ်ငန်းကို ကိုယ်မလုပ်နိုင်ဘဲနဲ့ စမ်းတဝါးဝါး ဖြစ်နေနိုင်ပါတယ်။ ဒီ့အပြင် တာဝန်ရှိသူတွေက မရိုးသားဘူး။ ရိုးရိုးသားသားနဲ့ ပြောမပြဘူးဆိုရင် ပညာပြခံရနိုင်ပြီးတော့ လာဘ်ပေးလာဘ်ယူတွေလည်း ပေါ်ပေါက်နိုင်တယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။


ဒါကြောင့်မို့လို့ ကျွန်တော်တို့ နည်းဥပဒေတွေကို ပြဋ္ဌာန်းပြီးပြီဆိုရင် နိုင်ငံသားတိုင်း အလွယ်တကူရှာဖွေရရှိနိုင်စေဖို့ မဖြစ်မနေ လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ Power Point အသုံးပြုခွင့် ပေးဖို့ တင်ပြပါတယ်။ ကျွန်တော်တို့ နှစ်အလိုက် ဥပဒေတွေကို ကျွန်တော်တို့ လွတ်လပ်ရေးရပြီးကတည်း က ပြဋ္ဌာန်းခဲ့ပါတယ်။ ပုံမှာပြထားတဲ့အတိုင်းပါပဲ။ ၁၉၅၈ ခုနှစ်က ဒီ ပြန်ကြားရေးဝန်ကြီးဌာနကနေ နှစ်အလိုက်ဥပဒေတွေကို အဲဒီလိုပဲ စာအုပ်တွေ ထုတ်ပါတယ်။ နောက်တစ်ခါ ၁၉၇၃ ကနေ ၁၉၈၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာလည်း ဥပဒေတွေအပြင် နည်းဥပဒေတွေ ကျွန်တော်တို့ အမိန့်တွေ၊ ကြေညာချက်တွေကိုလည်း ဒီလိုနှစ်အလိုက် စာအုပ်တွေ ထုတ်ဝေခဲ့ပါတယ်။ တစ်ခါ ၁၉၈၈ ကနေ ၂၀၁၀ အတွင်းမှာရှိတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့တို့ကလည်း နှစ်အလိုက်ဥပဒေတွေကို ထုတ်တဲ့အခါ နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေပါ တွဲပြီးထုတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ သို့သော် ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ကြီး ပေါ်လာပြီးကတည်းကကို နှစ်အလိုက်ထုတ်တဲ့ ဥပဒေတွေမှာ နည်းဥပဒေတွေ လုံးဝမပါ တော့တဲ့အတွက် သက်ဆိုင်သူတွေဟာ နည်းဥပဒေတွေကို ရှာမရတဲ့ အခက်အခဲတွေနဲ့ စောစောကပြော သလိုပဲ နောက်ဆုံးကျတော့ -----------

**ဥက္ကဋ္ဌ**။ ။ အဆုံးသတ်လိုက်ပါ။ အမြန်ဆုံး အဆုံးသတ်လိုက်ပါခင်ဗျား။ အချိန်ကုန်ပြီ။


တတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၉၈၄ ခုနှစ်၊ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ စာအုပ်၏ မျက်နှာဖုံး မြင်ကွင်းပုံ (ပ)



၁၉၈၉ ခုနှစ်၊ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ မာရှယ်လော (Martial Law) အမိန့်များနှင့် ကြေညာချက်များ (စတုတ္ထတွဲ)စာအုပ်၏ မျက်နှာဖုံး မြင်ကွင်းပုံ (ပ-၁)




ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၂၀၁၄ ခုနှစ်၊ ဥပဒေများ (ဒုတိယတွဲ)စာအုပ်၏ မျက်နှာဖုံး မြင်ကွင်းပုံ (ပ-၂)



**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာဖေမြင့် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာစောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံတော်မှ ထုတ်သော နှစ်အလိုက်ပြဋ္ဌာန်း ဥပဒေစာအုပ်များမှာ နည်းဥပဒေပြဋ္ဌာန်းချက်များကိုလည်း ယခင်ခေတ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဥပဒေ၊ နည်းဥပဒေများ ပုံနှိပ်ထုတ်ဝေခြင်းနဲ့ ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက သိရှိရတဲ့အချက်များနဲ့ စူးစမ်းလေ့လာချက်များအရ တွေ့ရှိရတာတော့ လွတ်လပ်ရေးမရမီကာလက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများနဲ့ လွတ်လပ်ရေးရပြီး ၁၉၅၄ ခုနှစ်အထိ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို မြန်မာနိုင်ငံဥပဒေ အတွဲ(၁)မှ (၁၃)အထိ ဆိုပြီးတော့ နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေတာကို တွေ့ရပါတယ်။ ထုတ်ဝေသူအနေနဲ့ တိတိကျကျပြောမယ်ဆိုရင် အဲဒီစာအုပ်များမှာ ဖော်ပြချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအမိန့်အရ တရားရေးဝန်ကြီးဌာနက ထုတ်ဝေတယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

အဲဒီနောက် ၁၉၅၅ ခုနှစ်ကနေ ၁၉၆၁ ခုနှစ် အထိ ပါလီမန်နဲ့ အစိုးရက ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေများနဲ့ နည်းဥပဒေများကို နှစ်အလိုက်၊ ပြီးတဲ့နောက် ၁၉၆၂ ခုနှစ်က ၁၉၇၄ ခုနှစ် အထိ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို တော်လှန်ရေးကောင်စီဥပဒေများ ပထမတွဲ၊ ဒုတိယတွဲနဲ့ တတိယတွဲဆိုပြီး အတွဲ(၃)တွဲခွဲပြီးတော့လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနဲ့ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များကို နှစ်အလိုက်လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနဲ့ ကြေညာချက်များကို နှစ်အလိုက်လည်းကောင်း၊ ၁၉၉၇ ခုနှစ် မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများ၊ အမိန့်များနဲ့ ကြေညာချက်များကို နှစ်

အလိုက်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို နှစ်အလိုက်လည်းကောင်း နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

ဥပဒေများ ပုံနှိပ်ထုတ်ဝေရေးနဲ့ ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ကဏ္ဍကိုလည်း ဖော်ပြလိုပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ အများပြည်သူ ဗဟုသုတရရှိစေရန်နဲ့ ဥပဒေ လေ့လာသူများကို အထောက်အကူပြုနိုင်စေရန်အတွက် ၁၉၈၈ ခုနှစ်ကနေ ယနေ့အထိ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များနဲ့ လုပ်ထုံးလုပ်နည်းများကို နှစ်အလိုက်ပြုစုပြီး ပုံနှိပ်ထုတ်ဝေခဲ့တာ တွေ့ရပါတယ်။ ထို့အတူပဲ ၁၉၅၅ ခုနှစ်ကနေ ၁၉၆၁ ခုနှစ်အတွင်းမှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ အက်ဥပဒေစာအုပ်များ ရှားပါးလာတဲ့အတွက်ကြောင့်မို့လို့ ဥပဒေလေ့လာလိုက်စားသူများမှာ အခက်အခဲများ၊ လိုအပ်ချက်များ ရှိနေတယ်ဆိုတဲ့အခါမှာ ဖြည့်ဆည်းတဲ့ အနေနဲ့ အဲဒီ ကာလများအတွက် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနဲ့ နည်းဥပဒေများကို ၁၉၉၇ ခုနှစ်နောက်ပိုင်းမှာ ပြန်လည် ထုတ်ဝေခဲ့တာကိုလည်းပဲ တွေ့ရှိရပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေစာအုပ်များကို ပုံနှိပ်ထုတ်ဝေရာမှာ ၂၀၁၃ ခုနှစ်ကစပြီး နှစ်အလိုက် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများကို သီးခြားစာအုပ်နဲ့ ထုတ်ဝေပါတယ်။ ပြီးတဲ့နောက် နှစ်အလိုက်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနဲ့အဖွဲ့အစည်းများက ထုတ်ပြန်တဲ့ နည်းဥပဒေ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများနဲ့ ကြေညာချက်များကို သီးခြားစာအုပ်နဲ့ ပုံနှိပ်ထုတ်ဝေခဲ့တာကို တွေ့ရပါတယ်။ အဲဒီတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေနဲ့ စာမျက်နှာတွေ၊ အရေအတွက်တွေ၊ ဥပဒေများ၊ နည်းဥပဒေများဟာ စာမျက်နှာအရေအတွက်တွေ များပြားတဲ့အတွက်ကြောင့်မို့လို့ ပုံနှိပ်စာအုပ်များရဲ့ အရွယ်အစား လွန်စွာကြီးမားမှု မရှိစေရန်အတွက် အဲဒီလိုသီးခြားစီခွဲပြီး ပုံနှိပ်ထုတ်ဝေတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေတယ်လို့ ဆိုတဲ့နေရာမှာ သက်ဆိုင်ရာကာလမှာ ဥပဒေပြုရေးတာဝန် ထမ်းဆောင်တဲ့ နိုင်ငံတော်ရဲ့ အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ နှစ်အလိုက် ပုံနှိပ်ထုတ်ဝေတာ ရှိသလို၊ ကာလအလိုက် ပုံနှိပ်ထုတ်ဝေတာတွေလည်း ရှိခဲ့ပါတယ်။ ထို့နည်းတူစွာ ဥပဒေများကိုချည်း စုစည်းပုံနှိပ်ထုတ်ဝေတာ ရှိသလို ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနဲ့ ကြေညာချက်များကိုပါ စုပေါင်းပြီးတော့ ပုံနှိပ်ထုတ်ဝေတဲ့ ခုနှစ်နဲ့ စုပေါင်းပြီးတော့ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ခုနှစ်တွေ၊ ကာလတွေလည်း ရှိပါတယ်။ ယခုလက်ရှိ အခြေအနေမှာတော့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်အလိုက် ပုံနှိပ်ထုတ်ဝေလျက် ရှိတာကို တွေ့ရှိရပါတယ်။ နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များမှာ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းပုံနှိပ်ခြင်းကတော့ သက်ဆိုင်ရာ ဒီစာအုပ်များကို ထုတ်ဝေတဲ့ဌာန၊ အဖွဲ့အစည်းများရဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်းပဲ နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်တွေကို ပုံနှိပ်တဲ့နေရာမှာ အဲဒီနှစ်အတွင်း ပြဋ္ဌာန်း ခဲ့တဲ့၊ ထုတ်ပြန်ခဲ့တဲ့ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များနဲ့ လုပ်ထုံးလုပ်နည်းများရဲ့ အရေအတွက်နဲ့ ပမာဏကို မူတည်ပြီး နှစ်အလိုက် ပြဋ္ဌာန်းဥပဒေ စာအုပ်များမှာ နည်းဥပဒေများ၊ အမိန့်

များ၊ ကြေညာချက်များနဲ့ လုပ်ထုံးလုပ်နည်းများကိုပါ တည့်သွင်းပုံနှိပ်ထုတ်ဝေဖို့ စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါတယ်။

အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ဥပဒေရေးဆွဲတဲ့ သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများနဲ့ ဝန်ကြီးဌာနများက ၎င်းတို့ရဲ့အစီအစဉ်နဲ့ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလျက် ရှိတာကိုတွေ့ရပါတယ်။ ပြီးတဲ့နောက် ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ကတော့ အတည်ပြုထုတ်ပြန်လိုက်ပြီး ဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများကို မြန်မာနိုင်ငံတော်ပြန်တမ်းမှာ ဒီ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်တဲ့ ကာလအလျောက် ထည့်သွင်းဖော်ပြဖြန့်ချိပေးလျက် ရှိပါတယ်။ သို့သော် အကယ်၍ ဥပဒေနဲ့ နည်းဥပဒေများ ပူးတွဲပါဝင်တဲ့ အခု ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးခဲ့တဲ့ ဥပဒေနဲ့ နည်းဥပဒေများ ပူးတွဲပါဝင်သော ဥပဒေစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးဟာ အခုနေအခါမှာ လိုအပ်ချက်အနေနဲ့ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနဲ့ ဆက်သွယ်ညှိနှိုင်းပြီးတော့ အခုမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး အပါအဝင် စိတ်ဝင်စားသူ၊ ကျွမ်းကျင်သူများ အကူအညီနဲ့ ဒီလိုစာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေပါကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကဆွေးနွေးလိုတဲ့ အပိုင်းကတော့ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းရဲ့ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဂ) ဖြစ်ပါတယ်။ ဒီအပိုဒ်မှာ ရေနံလက်ယက်တွင်း ဆိုသည်မှာ စည်းကမ်းချက်များနဲ့အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်စလုံးဖြင့် အနက်ပေ (၁၀၀၀)အထိနှင့် ယင်းအနက်ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့် တွင်းကိုဆိုသည်လို့ အဆိုပြု ထားပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း ပေ(၁၀၀၀)ကို အတည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပေ(၁၂၀၀)ပြောင်းလဲပြင်ဆင် အစီရင်ခံထားပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်နဲ့ ပေါက်မြို့နယ်တို့မှာ ရေနံတွင်းတိမ် တူးတဲ့လုပ်ငန်းများ ရှိပါတယ်။ ဒီ ရေနံတွင်းတိမ် တူးကြတဲ့ မဲဆန္ဒရှင်ပြည်သူတွေနဲ့ တွေ့ဆုံပြီး ရေနံတွင်းအနက်ကို မေးတဲ့အခါမှာ ပေ (၁၈၀၀)၊ (၁၉၀၀)၊ (၂၀၀၀) ရှိတဲ့အကြောင်း ပြောကြပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင်ဆိုပြီး တော့ မင်းလှမြို့နယ်၊ သရက်မြို့နယ်၊ ပခုက္ကူမြို့နယ်တို့က ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းပြီးတော့ လေ့လာ တဲ့အခါမှာ ရေနံတွင်းအနက်ပေ ခုနလိုပါပဲ (၁၈၀၀)၊ (၁၉၀၀)၊ (၂၀၀၀) ဖြစ်တာကို သိရပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံတွင်း အနက်ပေကို (၁၀၀၀)၊ (၁၂၀၀) သာ အတည်ပြုခဲ့မယ်ဆိုရင် လူဦးရေ သိန်းဆယ်ဂဏန်းနဲ့ချီပြီး မှီခိုနေရတဲ့ ဒီလုပ်ငန်းကြီး ရပ်ဆိုင်း ရတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ဥပဒေကြမ်းရဲ့ အခန်း(၂)၊ ရည်ရွယ်ချက် အပိုဒ် ၃ (ဂ)မှာဆိုထားတဲ့ အဓိကအားဖြင့် သက်ဆိုင်ရာလုပ်ကွက်တည်ရှိရာ ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆိုတာနဲ့ လုံးဝဆန့်ကျင်သွားမှာ ဖြစ်ပါတယ်။ ရေနံတွင်းတူးတဲ့ ပြည်သူတွေဟာ နေပူစပ်ခါးမှာ အရှုံးအမြတ်မသေချာတဲ့ လုပ်ငန်းကို ပင်ပင်ပန်းပန်း လုပ်နေကြရတာပါ။ သူတို့အတွက် တွင်းတိမ်လေ စရိတ်သက်သာလေမို့ ပေအနက်ကြီး မတူးချင်ကြပါဘူး။ အခုသတ်မှတ်တဲ့ ပေ(၁၀၀၀)၊ (၁၂၀၀)နဲ့လည်း ကျွန်တော်တို့ နယ်မြေတွေမှာ ရေနံက မထွက်ပါဘူး။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံတွင်းတိမ်တူးတဲ့သူတွေ အနေနဲ့ ရွေးစရာလမ်းက ရေနံတူးတဲ့လုပ်ငန်းကို ရပ်ဆိုင်းကြမလား၊ ဒါမှမဟုတ် ဥပဒေအရ အရေးယူတာ ခံကြမလား။ ဒါမှမဟုတ် လာဘ်ပေးလာဘ်ယူနဲ့ ဆက်လုပ်ကြမလားဆိုတဲ့ လမ်းတွေပဲ ရှိပါတယ်။ ပြီးခဲ့တဲ့ ကာလတစ်လျှောက်လုံး အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က တောင်းသလိုပေးပြီး လုပ်ခဲ့ကြ ရပါတယ်။ ဒီနေ့ဒီအချိန်မှာ ပြည်သူ့အစိုးရလက်ထက်မှာ မျှတသင့်လျော်တဲ့ ဥပဒေရဲ့ အကာအကွယ်ကို သူတို့ မျှော်လင့်နေကြပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံတွင်းတိမ် တူးလိုတဲ့ လူများဟာ ဌာနအသီးသီးရဲ့ ထောက်ခံချက်နဲ့ အဆင့်ဆင့် လုပ်ကွက်ကို လျှောက်ရတာ ဖြစ်ပါ တယ်။ လျှောက်ထားချက်ကို စည်းကမ်းနဲ့အညီ ခွင့်ပြုလို့လည်းရတယ်။ ငြင်းပယ်လို့လည်းရပါတယ်။ စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ တူးဖော်လို့ အကျိုးအမြတ်မရှိတဲ့ နေရာများကိုပဲ ချထားပေးတယ်လို့ ယူဆပါ တယ်။ လုပ်ကွက်ရဲ့ သက်တမ်းကလည်း တစ်နှစ်သာ သတ်မှတ်ထားတာဖြစ်ပြီး ချထားပေးတဲ့ လုပ်ကွက် ကို အများပြည်သူအကျိုး၊ နိုင်ငံ့အကျိုးအတွက် ပြန်လည်သိမ်းယူလို့ရအောင်လည်း အပိုဒ် ၁၅ နဲ့ အပိုဒ် ၁၇ (ဇ)မှာ ဖော်ပြထားပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်းကမ်းဘောင် အမျိုးမျိုးနဲ့ ချထားပေးတဲ့ လုပ်ကွက်ထဲမှာ ရေနံတူးရမယ့် ပြည်သူများကို မြေပြင်နဲ့ လက်တွေ့ မကိုက်ညီတဲ့ အနက် ပေကို သတ်မှတ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးရတဲ့ ပြဿနာ၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှု ပြဿနာများအပြင် နိုင်ငံတော်အတွက် ရရှိမယ့် အခွန်ဘဏ္ဍာ အမြောက်အမြားလည်း ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေမယ်လို့ ယူဆပါ တယ်။ ပြည်သူလူထုလိုက်နာဖို့ ခက်ခဲတဲ့ ဥပဒေများ မပြဋ္ဌာန်းဖို့၊ စည်းကမ်းတကျလုပ်ကိုင်ရန် ဥပဒေက

ထိန်းကျောင်းပေးရမှာ မှန်ပေမယ့် ဥပဒေကြောင့် ပြည်သူလူထုကို အကျပ်အတည်းမဖြစ်စေဖို့ လိုမယ်လို့လည်းယူဆပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ အခန်း(၇)မှာ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမယ့် စည်းကမ်းများ။ အခန်း(၈)တွင် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း။ အခန်း(၉)မှာ ပြစ်မှုပြစ်ဒဏ်များကို ဖော်ပြထားပါတယ်။ အပိုဒ်(၂၉)(က)မှာ ရန်ပုံငွေထည့်ဝင်ဖို့ ဖော်ပြထားပါတယ်။ ရေနံတွင်းတူးတဲ့ ပြည်သူတွေဟာ နိုင်ငံတော်ကိုလည်း လိုလိုလားလား အခွန်ငွေဆောင်လိုကြပါတယ်။ ဒေသဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကိုလည်း ပေးဆောင်လိုကြပါတယ်။ ထိုနည်းအတူပဲ နှစ်ပေါင်းဆယ်စုနှစ်နဲ့ချီပြီး လုပ်လာခဲ့ကြတဲ့လုပ်ငန်းကြီးကို ဥပဒေရဲ့ အကာအကွယ်အောက်မှာ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်လိုကြပါတယ်။ အစိုးရထံမှ သူတို့လိုအပ်တဲ့ နည်းပညာအကူအညီပေးဖို့လည်း မျှော်လင့်နေကြပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းရဲ့အပိုဒ် ၂ မှာ သတ်မှတ်ထားတဲ့ အနက်ပေဟာ အလွန်ပဲ အရေးကြီးတယ်လို့ ယူဆပါတယ်။ လူပေါင်းများစွာရဲ့ဘဝကို ပြောင်းလဲသွားစေနိုင်သလို အဂတိလိုက်စားမှု၊ အလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူ ခြစားမှုများ ဖြစ်ပေါ်လာစေနိုင်တဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှာပါရှိတဲ့ အနက်ပေ(၁၀၀၀)ထက် မပိုသော စကားရပ်အစား အနက်ပေ(၂၀၀၀)ထက်မပိုသော ဆိုတဲ့စကားရပ်နဲ့ အစားထိုးပြင်ဆင်သင့်ပါကြောင်း လေးစားစွာ တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ရေစကြိုမြို့နယ် ကိုယ်စားပြုဖြစ်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။

ကျွန်တော်က ရေနံလက်ယက်တွင်း ဥပဒေအတွက် (၂)ချက် ဆွေးနွေးချင်ပါတယ်။ နံပါတ်(၁)အချက်ကတော့ အခန်း(၁)၊ အပိုဒ် ၁ ရဲ့ အမည်ပြောင်းခြင်းကကိစ္စပါ။ နဂိုက ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ရေနံတွင်းတိမ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေလို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ထားပါတယ်။ အဲဒါကို အရပ်သား ရေနံတူးဖော် ထုတ်လုပ်ခြင်း ဆိုင်ရာဥပဒေလို့ ပြောင်းသင့်ကြောင်း ကျွန်တော် ဆွေးနွေးလိုပါတယ်။ အဓိကအကြောင်းပြချက်ကတော့ တွင်းတိမ်ခြင်း၊ တွင်းနက်ခြင်းဆိုတာဟာ နှိုင်းယှဉ်ရမယ့် သညာ ဖြစ်ပါတယ်။

နက်တဲ့တွင်းနဲ့ တိုင်းရင် တိမ်ပြီး၊ တိမ်တဲ့တွင်းနဲ့နှိုင်းရင် နက်မယ်ဖြစ်ပါတယ်။ ဒါ့အတွက် ပေ ဘယ်လောက်နက်ပြီး၊ ပေ ဘယ်လောက် တိမ်တယ်ဆိုတာကို အတိအကျသတ်မှတ်၍ မရနိုင်ပါဘူး။ ဒါကြောင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေဆိုသည့်အစား အရပ်သား ရေနံတူးဖော်ထုတ်လုပ်ခြင်း ဆိုင်ရာဥပဒေလို့ ပြောင်းမယ်ဆိုရင် ပို၍သင့်တော်မယ် ထင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၂) ဆွေးနွေးလိုတာကတော့ ဥပဒေရဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှာ ပါရှိတဲ့ အနက်ပေ(၁၀၀၀)ထက်မပိုသောလို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတာကို အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီက အနက်ပေ(၁၂၀၀)ထက်မပိုသောလို့ ပြင်ထားပါတယ်။ အခု ဘယ်လောက်ထားသင့်တယ်ဆိုတာကို ထားသင့်၊ မထားသင့်ကိစ္စကို ကျွန်တော် ဆွေးနွေးတင်ပြပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ပညာရပ် ဆိုင်ရာဝေါဟာရများကိုလည်း အင်္ဂလိပ်လို ပြောကြားခွင့်ပြုပါရန် တောင်းပန်ပါတယ်။ ရေနံဟာ မီးလောင် လွယ်တဲ့ Hydrocarbon ဒြပ်ပေါင်းဖြစ်ပြီးတော့ ရေနေသက်ရှိသတ္တဝါ အသေးအမွှားလေးတွေအနက် အပင်များ၊ အခြားသက်ရှိသတ္တဝါများရဲ့ ရုပ်ကြွင်းများကနေ ဖြစ်ပေါ်လာတဲ့ Organic ဒြပ်ပေါင်း Hydrocarbon များလို့ဆိုပါတယ်။ ပင်လယ်သမုဒ္ဒရာများထဲမှာရှိတဲ့ အဆိုပါသက်ရှိတို့ရဲ့ ရုပ်ကြွင်းများပေါ် နှစ်ပေါင်းများစွာ အနည်ထိုင်ကျရောက်လာတဲ့ နုန်းမြေများက ဖိ့ပစ်ရာကနေပြီးတော့ မြေအောက်မှာရှိတဲ့ အပူနဲ့ ဖိအားအမျိုးမျိုးတို့ကြောင့် မီးလောင်လွယ်တဲ့ အဆိုပါ Hydrocarbon ဒြပ်ပေါင်းများကနေပြီး တော့ ဖြစ်လာရတယ်လို့ သိရပါတယ်။

ကမ္ဘာမြေကြီးရဲ့သက်တမ်းဟာ နှစ်သန်းပေါင်း (၄၅၀၀)ရှိပြီလို့ ဘူမိပညာရှင်များက တွက်ချက် ထားကြပါတယ်။ ရေနံက နှစ်တစ်သန်းကနေပြီးတော့ သန်း(၁၀၀၀)၊ တစ်နည်းအားဖြင့် (၁)ဘီလီယံလောက် ရှိတဲ့ ကာလကနေ ဖြစ်ပေါ်ခဲ့တာပါ။ ဘူမိပညာအရ ကမ္ဘာပေါ်မှာရှိတဲ့ကျောက်တွေကို အနည်ကျ ကျောက်၊ မီးသင့်ကျောက်နဲ့ အသွင်ပြောင်းကျောက်လို့ သုံးမျိုးရှိကြရာမှ အနည်ကျကျောက် (Sedimentary rock)မှာ ယင်း Hydrocarbon ဒြပ်ပေါင်းတွေကို တွေ့ကြရပါတယ်။ ပင်လယ်သမုဒ္ဒရာမှာရှိတဲ့ ရေနေသတ္တဝါနဲ့အပင်တို့ရဲ့အပေါ်ကို ရွှံ့နွံတွေ အထက်ကဆိုသလို အနည်ကျ ဖုံးလွှမ်းလာခဲ့ပြီးတဲ့နောက် ကမ္ဘာမြေပြင်ရဲ့အောက်မှာ မီတာပေါင်းများစွာအနက်ကို ရောက်သွားရပါတယ်။ တစ်ချိန်ချိန်မှာ မီးတောင်ပေါက်ခြင်း၊ ငလျင်လှုပ်ခြင်း စတဲ့ အကြောင်းတို့ကြောင့် မြေလွှာများ တွန့်ခေါက်ခြင်း၊ ပြတ်ရွေ့ခြင်း စတဲ့ ဘူမိပြောင်းလဲမှုတို့နဲ့အတူ မြေအောက်အပူနဲ့ ဖိအားအမျိုးမျိုးတို့ကို ခံစားရကာ အဆိုပါ သက်ရှိဇီဝရုပ်ကြွင်းများဟာ အောက်ဆီဂျင်မဲ့တဲ့အနေအထားမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ဖြစ်ပေါ်လာရပါတယ်။

တချို့ကတော့ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ပြောင်းသွားပြီးတော့ Coal (ခ)ကျောက်မီးသွေး ခဲများဖြစ်ကြရပါတယ်။ (Sedimentary rock) (ခ) အနည်ကျကျောက်များမှာလည်းပဲ ထုံးကျောက်၊ သဲကျောက်၊ လိပ်သည်းကျောက် စသဖြင့် ရှိကြသေးရာကြီးမားသောရေနံအိုင်ကြီးများဟာ ထုံးကျောက် လွှာများမှာ အတွေ့ရများတယ်လို့ ဆိုပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ အဲဒီ ထုံးကျောက်မှာပါတဲ့ Calcium Carbonate တို့ဟာ မြေအောက်ရေမှာပါတဲ့ အက်ဆစ်တွေနဲ့ ဓာတ်ပြုပျော်ဝင်သွားရာ ကနေပြီးတော့ မြေတွင်း လိုဏ်ခေါင်းကြီးများ၊ ကလိုင်ကြီးများဖြစ်ပေါ်ကာ ရေနံများ ခိုအောင်းနေစေခြင်း

ဖြစ်ပါတယ်။ သဲကျောက်မြေမှာကတော့ ဘေးသို့ချင်းစိမ့်ပျံ့နိုင်တဲ့အပေါက်များ များတဲ့အတွက်ကြောင့် ရေနံထုထည် ပမာဏ များများမတွေ့ရပါဘူး။ နေရာအနှံ့ပျံ့နှံ့တဲ့ ရေနံအကွက်ငယ်လေးများ၊ တစ်နည်းအားဖြင့် ရေနံသိုက် အငယ်စားကလေးများသာ ရှိနေတတ်ကြပါတယ်။

မီးတောင်ပေါက်ခြင်း၊ ငလျင်လှုပ်ခြင်း စတဲ့ဖြစ်စဥ်တို့ကြောင့် ဖိအားပြောင်းလဲမှုများ ဖြစ်ပေါ်ကာ မြေအောက်ရှိ ရေနံတို့ဟာ နေရာရွှေ့ခြင်း၊ မြေလွှာအက်ကြောင်းများကနေ မြေမျက်နှာ အထက်သို့ ထိုးတက်လာခြင်း စတဲ့တည်နေရာပြောင်းလဲမှုများလည်း ရှိတတ်ကြပါတယ်။ မြေအောက် ရှိတဲ့ ရေနံအိုင်များမှာလည်း မြေတွင်းအပူဓာတ်ကြောင့် သဘာဝဓာတ်ငွေ့များ ထွက်နေကြကာ သိပ်သည်းဆကွာခြားတဲ့ ရေနံအိုင်တွေရဲ့အပေါ်မှာ အလိုလိုတက်နေတတ်ကြပါတယ်။ အဲဒီ ရေနံအိုင် တွေရဲ့အပေါ်မှာရှိတဲ့ ပေါင်းမိုးလွှာဟာ အပေါက်မရှိတဲ့ အပိတ်အလွှာ တစ်နည်းအားဖြင့် လိပ်သည်း ကျောက်တို့လို ပိတ်တဲ့ကျောက်လွှာတွေနဲ့ရှိနေလို့ရှိရင် ထွက်လာတဲ့ ဒီ Gas ဓာတ်ငွေ့တွေဟာ ဖိအားတွေ အလိုလိုများနေတတ်ပါတယ်။ အဲဒီလို ရေနံအိုင်ကြီးတွေကို ကျွန်တော်တို့ တူးမိလို့ရှိရင် ပြင်းထန်တဲ့ တွန်းကန်အားနဲ့ ဓာတ်ငွေ့များဟာ မြေပြင်ဆီကို ထွက်ပေါ်လာတတ်ခြင်း ဖြစ်ပါတယ်။

ခေတ်မီသိပ္ပံနည်းများဖြစ်တဲ့ Sesmic Graphic Survey လို့ခေါ်တဲ့ သံလိုက်လှိုင်းနဲ့ အသံလှိုင်းတို့ရဲ့ ပဲ့တင်သံကို ပြန်လည် ဖမ်းယူတိုင်းတာတဲ့ နည်းတွေအရ မြေအောက်ရေနံတွေရဲ့ပမာဏ၊ မြေအောက် ရေနံအိုင်ကြီးတွေရဲ့ ပေအနက်နဲ့ သိုက်အကြီး၊ အသေးတို့ကို အတိအကျ တိုင်းတာနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ တချို့ရေနံတွင်းတွေက မြေမျက်နှာပြင်အနက် မီတာ(၆၀၀၀)ကနေ ပြီးတော့ မီတာ(၁၀၀၀၀) ကျော် ရှိတတ် သလို ၂၀၀၇-၂၀၀၈ စာရင်းများအရ ပျှမ်းမျှရေနံတွင်းများရဲ့ အနက်ဟာ ပေ(၆၀၀၀)ခန့်သာ ရှိတယ်လို့လည်း သိရပါတယ်။ တဖြည်းဖြည်းနဲ့ နက်လာတယ်လို့ ဆိုပါတယ်။ ၁၉၄၉ ခုနှစ်လောက်ကတော့ (၃၄၅၀) လောက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီလိုခေတ်မီ နည်းများနဲ့ ရေနံထုထည်ပမာဏ အတိမ်အနက်တို့ကို တိကျစွာ တိုင်းတာနိုင်ကြပြီဖြစ်ရာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအတွက် နှစ်ရှည် တူးဖော်ထုတ်ယူနိုင်လောက်တဲ့ ပမာဏရှိမှသာ ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံကြရပါတယ်။ နှစ်ရှည် ထုတ်လုပ်နိုင်တဲ့ ပမာဏမရှိတဲ့ ရေနံသိုက်တို့ကိုမူ နိုင်ငံပိုင် တူးဖော်ခြင်းမပြုကြပါဘူး။ အဲဒီလို ရေနံသိုက်ငယ်ကလေးများကို အထက်ပါ ဘူမိပညာ တွက်ချက်မှုများအရ ထုံးကျောက်လွှာမှာထက် သဲကျောက်လွှာများတွင်သာ တွေ့ရတတ်ပါတယ်။ သဲကျောက်လွှာဟာ စိမ့်ပျံ့မှုများတဲ့သဘောရှိရာ ထွက်နေတဲ့သဘာဝဓာတ်ငွေ့ တို့ဟာလည်း စုခဲ တင်းကျပ် မနေဘဲနဲ့ ဖိအားတွေ နည်းနေတတ်ပါတယ်။

ဒါ့ကြောင့် အဲဒီနေရာတွေမှာ တူးလို့ရှိရင် ဓာတ်ငွေ့များ အထက်ကို၊ မြေပြင်ကို တွန်းကန်လာ မယ်ဆိုတဲ့အန္တရာယ် မရှိနိုင်ပါဘူး။ အဲဒီလို ရေနံသိုက်ငယ်လေးတွေကို အစိုးရနဲ့ ကုမ္ပဏီများက ထုတ်ယူ မှုမပြုကြဘဲနဲ့ ရှောင်လွှဲထားကြရာ ဒေသနေလူအများ အလုပ်အကိုင်အခွင့်အလမ်း ရလိုသူများက ထိုလုပ်ကွက်များကို ဝင်ပြီးတော့ တစ်နိုင်တစ်ပိုင် ကောက်သင်းကောက် လာရောက်တူးဖော်လုပ်ကိုင် ကြပါတယ်။ သူတို့လည်း သူတို့အတွက် အကျိုးအမြတ်ရှိမှသာ ဆက်လက်တူးနိုင်ကြမှာဖြစ်ပါတယ်။ သူတို့မှာရှိတဲ့ လက်နက်ကိရိယာနဲ့ စွမ်းအားရှိသလောက်တူးနေကြရာမှာ ရေနံရရှိမှုနည်းလို့ရှိရင် ငွေကုန် ခံပြီးတော့ ဆက်တူးကြမှာမဟုတ်ပါဘူး။ ပေ(၁၀၀၀)၊ (၁၂၀၀)မက ကြိုက်သလောက်တူးပါလို့ ခွင့်ပြု

ထားလည်းပဲ သူတို့မှန်းသလောက် ရေနံမထွက်လို့ရှိရင် ငွေကုန်လူပန်းဖြစ်ကြရမှာမို့ အလိုလို နောက်ပြန်ဆုတ်ကြရမှာပါ။ လက်ရှိ ရေနံတူးဖော်ရာမှာ စီးပွားပျက်သွားကြတဲ့ ဒေသခံများ များစွာရှိပါတယ်။ သူတို့ရဲ့ လှည်း၊ နွားများ၊ လူနေအိမ်နဲ့ စည်းစိမ်များကို မြေမျိုသွားတယ်လို့တောင်မှ အရပ်စကားပြောနေကြပါတယ်။ တချို့ကလည်း သူတို့ဟာ (၂)လက်မလောက်ရှိတဲ့ ရေနံတွင်းထဲကျသွားပြီလို့ ဆိုကြသေးပါတယ်။ တကယ်လို့မှ မြေတွင်းဖိအား အပြောင်းအလဲကြောင့် ရေနံကြောတွေဟာ မြေပြင်နဲ့ကပ်လာတယ်ဆိုရင် အရပ်သားတွေတူးဖော်တဲ့ ရေနံတွင်းတွေမှာ ရေနံပမာဏ များများရနေလို့ရှိရင်လည်းပဲ နိုင်ငံပိုင်အဖြစ်နဲ့သိမ်းပြီးတော့ ဒီ ရေနံကွက်တွေကို နိုင်ငံပိုင်ကုမ္ပဏီကြီးများ တူးဖော်နိုင်ပါတယ်။


ဒါ ဘာကြောင့်ပြောရသလဲဆိုတော့ အခန်း(၆)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲငယ်(ဇ)မှာ စောစောက ကိုယ်စားလှယ်တော်ကြီး ပြောသလိုပဲ အတိအကျ ဖော်ပြထားလို့ပါ။ နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ရေနံထုတ်လုပ်ရန် ခွင့်ပြုထားသော မြေဧရိယာ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်နိုင်ရန် ဤနည်းဥပဒေနှင့်အညီ အစားထိုး လျှောက်ထားနိုင်သည်လို့ ပါရှိလို့ ဖြစ်ပါတယ်။ သို့သော် လက်ရှိ လက်လုပ်လက်စား တွင်းတိမ်သမားများတူးရတဲ့ သိုက်ငယ်ကလေးများဟာ ရေနံပမာဏ နည်းသလို ဓာတ်ငွေ့အထွက်လည်းနည်းမယ် ဖြစ်ပါတယ်။ သို့ဖြစ်ရာ ရေနံတူးတဲ့ အရပ်သားတွေအတွက် တွင်းအနက်ကို ပေ(၁၀၀၀)၊ (၁၂၀၀) စသည်ဖြင့် သတ်မှတ်မထားသင့်ပါဘူး။ ပေ(၂၀၀၀)ကျော်အထက် တူးနိုင်တဲ့စက်ကိရိယာ နည်းပညာများလည်း သူတို့မှာရှိမည်မဟုတ်ပါဘူး။ ရေနံထွက်နေသေးလို့ရှိရင် ဆက်တူးနိုင်သော်လည်း ရေနံပမာဏတွင်းတူးစရိတ်နဲ့ ကာမိအောင် မရပါက သူတို့ဟာ စောစောက ပြောသလို လက်လျှော့သွားကြမှာပါ။

အကယ်၍ ပေ(၁၂၀၀)ပဲတူးရမယ်လို့ ကန့်သတ်မိန့်ပေးထားပါလျှင်လည်း လက်ရှိအနေအထားအရ ပေ(၂၀၀၀)လောက်နီးပါးတူးမှသာ ရေနံက ထုတ်ယူနေရတာဖြစ်တဲ့အတွက် တွင်းအနက်ပေတိုင်းတဲ့ ကိစ္စနဲ့ပဲ သက်ဆိုင်ရာအာဏာပိုင်တို့ရဲ့ လာဘ်စားဖို့ အကွက်ဖန်တီးပေးသလိုဖြစ်နေမှာကို စဉ်းစားဖို့လိုပါတယ်။ တိကျသော အနက်ပေကိုလည်း ရရှိရန်ခဲယဉ်းမယ် ဖြစ်ပါတယ်။ ဒါ့အတွက် ကျွန်တော် နိဂုံးချုပ် တင်ပြရမယ်ဆိုရင် ရေနံလက်ယက်တွင်းဥပဒေကို အရပ်သားရေနံထုတ်လုပ်တူးဖော်မှုဆိုင်ရာ ဥပဒေလို့ ပြင်စေလိုပါတယ်။

နံပါတ်(၂)ဖြစ်တဲ့ ရေနံဖြစ်ပေါ်မှုသဘာဝအရ အနည်ကျကျောက်မှာဖြစ်တဲ့အတွက် ရေနံသိုက်ကြီးများဟာ ထုံးကျောက်လွှာမှာ တွေ့နိုင်တယ်။ ရေနံသိုက်ငယ်လေးတွေဟာ သဲကျောက်လွှာမှာ တွေ့နိုင်တာဖြစ်တဲ့အတွက်ကြောင့် ဒီ သဲကျောက်လွှာမှာရှိတတ်တဲ့ ရေနံသိုက်ငယ်တွေကို အစိုးရက မလုပ်ဘဲနဲ့ အရပ်သားတွေကို လုပ်ကိုင်ခွင့်၊ တူးဖော်ခွင့်ပေးထားရာ ပေ(၁၂၀၀)ရယ်လို့ အတိအကျကန့်သတ်မထားဘဲနဲ့ သူတို့ကြိုက်သလို တူးခွင့်ပြုမယ်ဆိုရင် တစ်ချက်တည်းနဲ့ ပြတ်ပါတယ်။ ကုမ္ပဏီကြီးနဲ့ အစိုးရက နိုင်ငံပိုင်မတူးတဲ့နေရာ၊ တူးဖော်ခွင့်မရှိတဲ့နေရာကို လာတူးရင်လည်း ဥပဒေအရ အရေးယူရုံပါပဲ။ ဒါကြောင့် နောက်ဆုံး အကြံပြုလိုတာကတော့ ပေအနက် သတ်မှတ်မယ်ဆိုရင်လည်းပဲ (၁၅၀၀)နဲ့

(၂၀၀၀) ကြားလို့ သတ်မှတ်ဖို့ အကြံပြုလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


Kerogen တွေကို အပူနဲ့ ဖိအားပေးခံရပုံ (ဏ)



မြေလွှာအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ တည်နေပုံ (ဏ-၁)



Compressed natural gas- CNG ပုံ (ဇ-၂)




**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ အပိုဒ် ၂၊ ပုဒ်မခွဲ(ဂ)ကိုပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအပိုဒ်ဟာဆိုရင် ဒီ ဥပဒေတစ်ခုလုံးရဲ့ အဓိက အချက်ပဲ ဖြစ်ပါတယ်။ ရေနံလက်ယက်တွင်းတူးရမယ့် အနက်ပေသတ်မှတ်ချက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ အနက်ပေ သတ်မှတ်ချက်ကို ပယ်ဖျက်ပေးဖို့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ ရေနံလက်ယက်တွင်းတွေကို ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာသာ အများအားဖြင့် တည်ရှိတယ်ဆိုတာကို ယနေ့ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တွေကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ တရားဝင် ခွင့်ပြုထားတဲ့ ရေနံလက်ယက်တွင်းလုပ်ကွက် (၅၃)ကွက်မှာ (၅၂)ကွက်က ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာသာ တည်ရှိပါတယ်။ မကွေးတိုင်းအတွင်း ရေနံထွက်တဲ့ဒေသတွေဟာ စိုက်ပျိုးမြေလုံးဝမရှိပါဘူး။ တောင်ကုန်း၊ ချိုင့်ဝှမ်းနဲ့ ပူပြင်းခြောက်သွေ့တဲ့ဒေသများသာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကို လုံးဝလုပ်ကိုင်လို့မရဘဲနဲ့ ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ဒီ ရေနံတွင်း

တွေပေါ်မှာပဲ မှီခိုနေရတာဖြစ်ပါတယ်။ ဒေသရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ ဒီစားဝတ်နေရေး အရပ်ရပ်ဟာ ဒီ ရေနံလက်ယက်တွင်းတွေပေါ်မှာသာ မှီခိုနေရပါတယ်။ ရေနံ လက်ယက်တွင်း တစ်တွင်းတူးမယ်ဆိုရင် အနည်းဆုံး သိန်း(၆၀)ပတ်ဝန်းကျင်ခန့် ကုန်ကျပါတယ်။ အကျိုးအမြတ်ရရှိဖို့ ခက်ခဲစွာလုပ်ကိုင်နေရတဲ့သူတွေ ဖြစ်ပါတယ်။ အချို့လုပ်ငန်းရှင်များဆိုရင် အရှုံးနဲ့ ရင်ဆိုင်ပြီးတော့ စီးပွားပျက်သွားတဲ့လူတွေ အများကြီးရှိပါတယ်။

လုပ်ငန်းရှင်များအနေဖြင့် ကံကောင်းရင်တော့ အကျိုးအမြတ် ရရှိနိုင်ပါတယ်။ လုပ်တဲ့သူတိုင်း ကံမကောင်းနိုင်ပါဘူး။ အနည်းငယ်သာ အဆင်ပြေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီ ရေနံ လက်ယက်တွင်းတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း များစွာကတည်းကနေပြီးတော့ အနက်ပေ(၁၀၀၀)မှ (၂၀၀၀) ပတ်ဝန်းကျင်အထိ တူးဖော်ခဲ့ကြတာဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ ဒီ လက်ယက်တွင်းတူးတဲ့ လုပ်ငန်းတွေဟာ ဥပဒေပြင်ပကနေပြီးတော့ ယနေ့အထိ လုပ်ကိုင်ခဲ့ကြရတာဖြစ်ပါတယ်။ တူးဖော်ခဲ့ကြတဲ့ နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုများရှိရင်လည်း သတ်မှတ်တဲ့နည်းပညာကို ထည့်သွင်းပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က တူးဖော်တဲ့ ရေနံတွင်းတွေကို ကြည့်မယ်ဆိုရင် မတူးဖော်မီမှာ ဘူမိဗေဒသဘောတရားများအရ သက်ဆိုင်ရာပညာရှင် ဘူမိရူပတို့၊ ဘူမိဗေဒတို့ အဖွဲ့တွေကနေပြီးတော့ အသေးစိတ် ရှာဖွေတိုင်းတာမှုများ ပြုလုပ်ပြီးတော့ နိုင်ငံတော်အတွက် ရေရှည်အကျိုးစီးပွား ဖြစ်မှသာလျှင် ရေနံတွင်းတွေကို တူးဖော်ကြတာကို တွေ့ရပါတယ်။ အနက်ပေအားဖြင့် ပေ(၅၀၀၀)အထက်မှာ တူးဖော်ခဲ့တာတွေ့ရပါတယ်။ ချောက်ရေနံမြေဟာ ဆိုရင် ၁၉၀၂ ခုနှစ်မှာ B.O.C ကုမ္ပဏီကနေ စတင်တူးဖော်ခဲ့ပြီးတော့ ယနေ့အထိ ရေနံထွက်ရှိနေဆဲ ဖြစ်ပါတယ်။ နိုင်ငံတော်က ရေနံမြေ သတ်မှတ်ပြီးတော့ ပုဒ်မ ၁၄၄ ထုတ်ပြန်ကာ အရပ်သားတွေကို ရေနံတူးဖော်ခွင့်မပြုပါဘူး။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ တူးဖော်ထုတ်လုပ်မှုအဆင့်ဆင့်ကို သတ်မှတ်ပြီးတော့ နိုင်ငံတော်အဆင့်က ဆောင်ရွက်သင့်တာကို နိုင်ငံတော်ကဆောင်ရွက်ပြီးတော့ ပြည်သူတွေ လုပ်လို့ရမယ့်အတိုင်းအတာကိုတော့ ပြည်သူတွေကို အနက်ပေ မသတ်မှတ်ဘဲနဲ့ တူးဖော်ခွင့် ပြုသင့်ပါတယ်။ ဒါမှသာ နိုင်ငံတော်အနေဖြင့် သဘာဝသယံဇာတ အရင်းအမြစ်ကို ထိထိရောက်ရောက် သုံးစွဲနိုင်ပြီးတော့ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်။ ၁၉၆၂ မတိုင်ခင် အချိန်အထိ မြန်မာနိုင်ငံဟာ ကမ္ဘာ့ထိပ်တန်း ရေနံတင်ပို့ရောင်းချတဲ့နိုင်ငံစာရင်းမှာ ပါဝင်ခဲ့ပါတယ်။ မြန်မာ့ရေနံတွေကို ဥရောပအထိ ပို့ဆောင်ခဲ့ကြပါတယ်။ စီမံခန့်ခွဲမှု အမှားများကြောင့်သာ ယနေ့အချိန်မှာ နောက်ကျကျန်ခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ယက်တွင်းလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ ပြည်သူများဟာ ဥပဒေကိုလိုက်နာသော၊ ဥပဒေကိုလေးစားသော နိုင်ငံသားများအဖြစ် ရပ်တည်ရှင်သန်လိုကြပါတယ်။ ဒီလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ နိုင်ငံသားများအား ကောင်းမွန်သော

နိုင်ငံသား၊ ဥပဒေကိုလိုက်နာသော နိုင်ငံသား၊ သန့်ရှင်းသော နိုင်ငံသားတွေဖြစ်ဖို့ ထည့်သွင်းတွက်ချက်ပြီးတော့ ပြဋ္ဌာန်းသင့်ပါတယ်။ ဒီလုပ်ငန်းတွေကို လုပ်ကိုင်ကြတဲ့ နိုင်ငံသားများ အမှန်တကယ်လိုက်နာနိုင်ပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသား နှစ်ဦးနှစ်ဖက် မျှတမှုရှိတဲ့ ဥပဒေတွေပေါ်ပေါက်ရေးဟာ အဓိကကျပါတယ်။ တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေး၏ အစကနဦး လိုအပ်ချက်သည် ကောင်းသောဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်စေဖို့ လွန်စွာအရေးကြီးပါတယ်။ သယံဇာတ ထုတ်လုပ်မှုဖြစ်ပြီးတော့ အခြားစီးပွားရေးလုပ်ငန်းများနဲ့ သဘောသဘာဝခြင်း ခြားနားပါတယ်။ ဥပဒေမပြဋ္ဌာန်းမီ ဝေဖန်သုံးသပ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ရေနံလက်ယက်တွင်းဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်လုံးဖြင့် အနက်ပေ(၁၂၀၀)ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းကို ဆိုသည့်အပိုဒ်ကို အနက်ပေ(၁၂၀၀)ထက်မပိုသော ဆိုသည့်စကားရပ်ကို ဖြုတ်သိမ်းသင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ဆွေးနွေးမယ့်အပိုင်းကတော့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာက ရေနံတွင်းတိမ်ဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်နှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်စလုံးဖြင့် အနက်ပေ(၁၂၀၀)ထက်မပိုသော ရေနံတူးဖော်သည့်တွင်းကို ဆိုသည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော် ပြင်ဆင်ချင်တာကတော့ ရေနံတွင်းတိမ်ဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်နှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် လူအင်အား နှစ်ရပ်လုံးဖြင့် အနက်ပေ(၂၀၀၀)ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းလို့ ဆိုလိုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ဥပဒေဆိုတာ ပြည်သူ့နယ်ပယ်မှာလက်တွေ့ကျတဲ့၊ ပြည်သူတွေ လိုက်နာနိုင်တဲ့ ထိရောက်တဲ့ အပြစ်ပေး အရေးယူမှုတွေပါဝင်တဲ့ ဥပဒေတစ်ရပ် ဖြစ်ရန် လွန်စွာအရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေး ဆိုလို့ရှိရင် ကောင်းသောဥပဒေ၊ တရားမျှတသော၊ ဘက်မလိုက်သောဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးဖို့ လိုပါတယ်။ ပြည်သူကိုရှေးရှုသော ဥပဒေများဖြစ်သလို ပြည်သူကို ဦးတည်သောဥပဒေများဖြစ်ရန် လိုအပ်ပါတယ်။ အခု ရေနံတွင်းတိမ် ဥပဒေဟာ ဆိုလို့ရှိရင် ပြီးခဲ့တဲ့ ရေနံလက်ယက်တွင်းဥပဒေအရ ပြီးခဲ့တဲ့အစိုးရ အဆက်ဆက်မှာ ရေနံလက်ယက်တွင်းများ အခွန်အခတွေက တိုင်းပြည်ရဲ့ ဘဏ္ဍာငွေအဖြစ် ရောက်ရှိမှုနည်းပြီး လုပ်ပိုင်ခွင့်ပေးသူတို့ရဲ့ လက်ဝယ်သို့သာရောက်ရှိကြောင်း ပြည်သူတွေရဲ့ နယ်ပယ်အရ သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ရေနံတွင်းတိမ်များ အနက်ဟာဖြင့် ပေ(၁၇၀၀)မှ (၂၀၀၀)ပေ အတွင်းရှိကြောင်း လက်တွေ့နယ်ပယ်မှာ စစ်ဆေးတွေ့ရှိရပါတယ်။ အကယ်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ရေနံတွင်းတိမ်ရဲ့ အနက်ကို (၁၂၀၀)ပေ သာ သတ်မှတ်ပါက လက်တွေ့နဲ့ ပေ(၈၀၀) ကွာခြားနေပါတယ်။ ဒီကွာခြားချက်ကြောင့် အမှန်လုပ်ကိုင်သူများကို ဥပဒေပြင်ပ တွန်းပို့သလို ဖြစ်နေပြီး မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရေနံတွင်းများရဲ့ ရေနံထုတ်လုပ်မှု ထိခိုက်မှုမရှိဘူး ဆိုလို့ရှိရင် တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာတိုးတက်ရေးနဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို ရှေးရှုပြီးတော့ ရေနံတွင်းတိမ် အနက်ပေကို (၂၀၀၀)ပေ ပြင်ဆင်သင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးကျော်ကျော်၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခု ကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပေးပါမယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/၂၀၁၇-၀၇၀

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

၁။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ၂၈.၉.၂၀၁၆ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က ၎င်းဥပဒေကြမ်းကို ပြင်ဆင်ချက်တွေနှင့် သဘောတူအတည်ပြုပြီး ၁၂.၁၂.၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင် နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က (၇.၂.၂၀၁၇) ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များဆိုင်ရာ သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၅.၂.၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင် နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး တို့က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော် ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပိုမိုပြည့်စုံမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော် ၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင် ချက်ကို သဘောတူ/ မတူ လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]